JUNCTION CITY

သတင်းထုတ်ပြန်ချက်

## "ရန်ကုန်မြို့တွင် သစ်လွင်သော အထင်ကရ သင်္ကေတ တစ်ခုဖြစ်လာမည့် Junction City အား ကြိုတင်သုံးသပ် မိတ်ဆက်ခြင်း"

- ရန်ကုန်မြို့၏ အချက်အချာကျလှသည့် နေရာ၌ ဖွံ့ဖြိုးရေးအသွင်သဏ္ဍာန်မျိုးစုံ ပေါင်းစည်းထားသည့် ကမ္ဘာ့အဆင့်မီ တည်ဆောက်ရေး စီမံကိန်းတွင် ပထမတန်းစား ရုံးခန်းနေရာများ၊ သူမတူသည့် ဈေးဝယ်မှုအတွေ့အကြုံကိုပေးမည့် လက်လီအရောင်းဆိုင်များ၊ နွေးထွေးပျူငှာသည့် ကြယ်ငါးပွင့် ဟိုတယ်ဝန်ဆောင်မှုနှင့် သွက်လက်လှုပ်ရှားမှု အပြည့်ရှိနေသည့် လူနေထိုင်ရန် နေရာများ ပါဝင်မည်ဖြစ်သည်။

- မြန်မာနိုင်ငံတွင် ပထမဦးဆုံး စတင်ဆောင်ရွက်သည့် ရေရှည်တည်တံ့သော အဆောက်အအုံ ဒီဇိုင်းဖြင့် ပတ်ဝန်းကျင်နှင့် သဟဇာတဖြစ်ပြီး လူမှုဝန်းကျင်တွင် တာဝန်ယူမှုရှိသည့် ဖွဲ့စည်းတည်ဆောက် မှုပုံစံတို့ ပါဝင်သည်။

*မြန်မာနိုင်ငံ၊ ၂၀၁၅၊ နိုဝင်ဘာ၊ ၃၀* - Shwe Taung Group သည် မြန်မာနိုင်ငံရှိ ရန်ကုန်မြို့၏ အချက်အချာကျသည့် နေရာ၌ သစ်လွင်သော အထင်ကရ သင်္ကေတတစ်ခုသဖွယ် ပေါ်ထွန်းလာမည့် Junction City အား ငှားရမ်းနေထိုင် အသုံးပြုကြမည့်သူများထံသို့ ကြိုတင်သုံးသပ်မိတ်ဆက်ခြင်းကို စတင်ပြုလုပ် နေပြီဖြစ်ပါကြောင်း ဝမ်းမြောက်စွာဖြင့် ကြေညာအပ်ပါသည်။

Shwe Taung Group အနေဖြင့် ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီနှင့်အတူ ပူးပေါင်း တည်ဆောက်အကောင်အထည်ဖော်သည့် Junction City သည် ဗိုလ်ချုပ်အောင်ဆန်းလမ်းနှင့် ရွှေတိဂုံဘုရားလမ်းတို့ ဆုံရာတွင် မဟာဗျူဟာမြောက်စွာ တည်ရှိပြီး ဖွံ့ဖြိုးရေးအသွင်သဏ္ဍာန်မျိုးစုံ ပေါင်းစည်းထားသည့် ကမ္ဘာ့အဆင့်မီ စီမံကိန်း ဖြစ်ပါသည်။ စင်ကာပူနိုင်ငံမှ ဗိသုကာလုပ်ငန်း ဆုတံဆိပ်ရှင် ဖြစ်သည့် DP Architects မှ ဒီဇိုင်းရေးဆွဲသည့် Junction City သည် ရန်ကုန်မြို့၏ ခေတ်ပြိုင်ဒီဇိုင်း၊ ဇိမ်ကျကောင်းမွန်မှုနှင့် အရည်အသွေးမြင့်မားမှုပိုင်းဆိုင်ရာတို့တွင် စံနှုန်းအသစ်များကို ဖြစ်ပေါ်စေမည် ဖြစ်ပါသည်။

စုစုပေါင်း တည်ဆောက်မှုဧရိယာ ၂၆၀,၀၀၀ စတုရန်းမီတာ ကျယ်ဝန်းသည့် Junction City ကို အဆင့်နှစ်ဆင့်ဖြင့် တည်ဆောက်မည် ဖြစ်ပါသည်။ ၂၀၁၇ ခုနှစ် နှစ်ဦးပိုင်းတွင် ပြီးစီးရန် လျာထားသည့် ပထမအဆင့်တွင် စင်ကာပူနိုင်ငံမှ Keppel Land နှင့် ပူးတွဲရင်းနှီးမြှုပ်နှံသည့် အဆင့်မြင့် ပထမတန်းဝင် ရုံးခန်းနေရာများ၊ Pan Pacific Hotels Group နှင့် ပူးပေါင်းတည်ဆောက်ပြီး ပူးတွဲစီမံခန့်ခွဲမည်ဖြစ်သည့်

ကြယ်ငါးပွင့်အဆင့် ဇိမ်ခံဟိုတယ်၊ Shwe Taung Property Management မှ စီမံခန့်ခွဲမည်ဖြစ်သည့် လူမှုဘဝပုံစံများနှင့် လိုက်လျောညီထွေရှိမည့် ဈေးဝယ်စင်တာတို့ ပါဝင်မည် ဖြစ်ပါသည်။ ၂၀၁၉ ခုနှစ်တွင် ပြီးစီးရန် လျာထားသည့် ဒုတိယအဆင့်တွင် ဝန်ဆောင်မှုပါဝင်သည့် အထပ်မြင့် လူနေအိမ်ခန်းများ ပါဝင်မည်ဖြစ်ပြီး ယင်းတို့တွင် နေထိုင်ရန်၊ အလုပ်လုပ်ရန်နှင့် အပန်းဖြေရန် အပိုဖြည့်ဆည်းပေးသည့် နေရာများလည်း ပါဝင်မည်ဖြစ်သည်။

၂၃ထပ်ရှိသည့် အဆင့်မြင့် ပထမတန်းဝင် ရုံးခန်းနေရာများ တည်ရှိမည်ဖြစ်သည့် Junction City Tower မှ ရန်ကုန်မြို့တစ်ခွင်ကို မြင်ကွင်းကျယ် ရှုမြင်နိုင်မည်ဖြစ်ပြီး ကမ္ဘာ့အဆင့်မီ အရေးပေါ် လျှပ်စစ်မီးစနစ်နှင့် လုံခြုံရေးစနစ်များ တပ်ဆင်ထားမည်ဖြစ်ပါသည်။ ကြယ်ငါးပွင့်အဆင့်ရှိသည့် Pan Pacific Yangon က ရန်ကုန်မြို့တွင် အကောင်းဆုံးသော နွေးထွေးပျူငှာသည့် ဝန်ဆောင်မှုအတွေ့အကြုံကို အသစ်တစ်ဖန် ပြန်လည်ခံစားရစေမည်ဖြစ်ကာ ၂၅ထပ်ရှိသည့် ယင်းဟိုတယ်၏ အခန်း ၃၄၈ ခန်းအနက် အများစုသည် ရန်ကုန်မြို့ရှုခင်းနှင့် ရွှေတိဂုံစေတီတော်၏ မြင်ကွင်းတို့ကို ရင်သပ်ရှုမောဖွယ် ဖူးမြော်ခံစားနိုင်စေမည် ဖြစ်ပါသည်။ ထို့အပြင် ဧည့်သည်များအပန်းဖြေနိုင်မည့် ကြီးမားကျယ်ပြန့်လှသည့် ဝန်ဆောင်မှုအဆောက်အဦများဖြစ်သည့် ရေကူးကန်၊ spa နှင့် ကိုယ်လက်လှုပ်ရှား အားကစားခန်းမ တို့အပါအဝင် တနေ့တာလုံး အမြဲတမ်းဖွင့်ထားသည့် dinning စားသောက်ဆိုင် နှင့် တရုတ်စားသောက်ဆိုင်များတွင် ပျော်ရွှင်ချမ်းမြေ့စွာဖြင့် ဝန်ဆောင်မှုများကို ပြည့်ဝစွာရရှိ အသုံးပြုနိုင်မည် ဖြစ်ပါသည်။ ရန်ကုန်မြို့၏ အဆင့်အမြင့်ဆုံးသော ဈေးဝယ်ထွက်ရန်နေရာအဖြစ် ရည်မှန်းဖန်တီး တည်ဆောက်ထားသည့် Junction City Shopping Center သည် စိတ်လှုပ်ရှားဖွယ် လက်လီဖက်ရှင်အရောင်းဆိုင်များ၊ ခေတ်မီသစ်ဆန်းသော ဈေးကွက်ဝင် အမှတ်တံဆိပ်များ၊ အမျိုးအမည် စုံလင်ကြွယ်ဝ၍ နှစ်သက်စွာ ရွေးချယ်စားသောက်နိုင်သည့် စားသောက် ဆိုင်များနှင့် ပြိုင်ဘက်ကင်းသည့် လူမှုဘဝပုံစံများရရှိခံစားနိုင်ရန် ဖြည့်ဆည်းစီစဉ်ထားရှိမှုများ ပါဝင်မည်ဖြစ်ပါသည်။ မြန်မာနိုင်ငံတွင် ပထမဦးဆုံးဖြစ်သည့် အသင့်ပြသနိုင်သည့် IMAX ရုပ်ရှင်ရုံတစ်ရုံလည်း ယင်းတွင် ပါဝင်မည်ဖြစ်ကာ အစားအသောက်ကောင်းများကို နှစ်သက်သည့် စားသုံးသူများအတွက် များပြားစုံလင်သည့် နိုင်ငံတကာနှင့် မြန်မာ အစားအစာများအား ရွေးချယ်စားသုံးမှုပြုနိုင်သည့် ပထမဦးဆုံးသော အတွေ့အကြုံဆန်းကို ပေးစွမ်းမည်ဖြစ်ပါသည်။

Junction City သည် စင်ကာပူနိုင်ငံ ဆောက်လုပ်ရေးအာဏာပိုင်အဖွဲ့အစည်းမှ တင်းကြပ်စွာ ကွပ်ကဲဆောင်ရွက်သည့် Green Mark စံနှုန်းများနှင့် ပြည့်မီသော သဘာဝပတ်ဝန်းကျင်အား ကောင်းမွန်မှုတမှုရှိစေမည့် ပစ္စည်းများ၊ ရေနှင့် စွမ်းအင်သုံးစွဲမှုဆိုင်ရာ လျှော့ချမှုနည်းပညာများ၊ အစရှိသည်တို့ကို အသုံးပြု၍ မြန်မာနိုင်ငံတွင် ပတ်ဝန်းကျင်ကို အထောက်အကူပြုသည့် Green ဒီဇိုင်းနှင့် ရေရှည်တည်တံ့ဖွံ့ဖြိုးတိုးတက်မှုကိုဖြစ်ပေါ်စေမည့် ရှေ့ဆောင်လမ်းပြ အဆောက်အအုံတစ်ခု ဖြစ်လာမည် ဖြစ်ပါသည်။ ယခုကဲ့သို့ ပတ်ဝန်းကျင်ကို အထောက်အကူပြုသည့် Green Feature များကို အသုံးပြုခြင်းသည် စွမ်းအင်သုံးစွဲမှုကို ၁၅% မှ ၂၀% ထိ လျှော့ချပေးနိုင်မည်ဟု မျှော်မှန်းရပါသည်။

Junction City တွင် အသုံးပြုမည့် ပတ်ဝန်းကျင်ကို အထောက်အကူပြုသည့် Green Feature များတွင် နေရောင်ခြည်စွမ်းအင်ကို အသုံးပြုခြင်း၊ ရေဆိုးများကို ပြန်လည်သန့်စင်ခြင်း၊ ပြန်လည်အသုံးပြုခြင်းနှင့် မိုးရေခံယူခြင်းတို့ ပါဝင်ပါသည်။

Junction City ကို တည်ဆောက်ရာ၌ လူမှုဝန်းကျင်အား တာဝန်ယူသိမှုအပေါ်တွင် အဓိက အလေးထား ဆောင်ရွက်မည်ဖြစ်ကာ ၎င်းအနီးပတ်ဝန်းကျင် အတွက် ပိုမိုတိုးတက် ကောင်းမွန်လာစေမည် ဖြစ်ပါသည်။ လက်ရှိ ဗိုလ်ချုပ်အောင်ဆန်းလမ်း၊ ဗိုလ်ချုပ်အောင်ဆန်းဈေးရှေ့ရှိ လူကူးခုံးကျော်တံတားအား အမိုးပါသည့် စက်လှေကားတပ် လူကူးခုံးကျော်တံတားအဖြစ် အဆင့်မြင့်တင် ပြုပြင်တည်ဆောက်သွားမည် ဖြစ်ပါသည်။ ထို့အတူ Junction City အနီးဝန်းကျင်ရှိ ဘတ်စကားမှတ်တိုင်များကိုလည်း ပိုမိုကောင်းမွန်အောင် အသစ်ပြုပြင်တည်ဆောက်သွားမည် ဖြစ်ပါသည်။ အနီးပတ်ပတ်လည်ရှိ ဗိုလ်ချုပ်အောင်ဆန်းလမ်းနှင့် ရွှေတိဂုံဘုရားလမ်း လူသွားစင်္ကြံများကိုလည်း ပြုပြင်တည်ဆောက်သွားမည် ဖြစ်ပါသည်။ ဈေးဝယ်ယူမှု အတွေ့အကြုံကို ပိုမိုနှစ်လိုဖွယ် ဖြစ်လာစေရန်အတွက် ဗိုလ်ချုပ်အောင်ဆန်းဈေးသစ်အား လက်ရှိဆိုင်ခန်းရှင်များ၏ ဆိုင်ခန်းပေါင်း ၄၃၇ ဖြင့် လက်ရှိနေရာ၌ပင် ပြန်လည်တည်ဆောက်ပေးသွား မည်ဖြစ်ပါသည်။ Junction City တွင် ယာဉ်အစီးရေ ၁၅၀၀ ကျော် ရပ်နားနိုင်သည့် ယာဉ်ရပ်နား စခန်းပါဝင်မည်ဖြစ်ပြီး ရန်ကုန်မြို့တွင် အကြီးဆုံးယာဉ်ရပ်နားစခန်းအဖြစ် ထည့်သွင်းတည်ဆောက်သွားမည် ဖြစ်ရာ ရန်ကုန်မြို့လယ်တွင် ယာဉ်ရပ်နားရန် နေရာမလုံလောက်သည့် အခက်အခဲကို ပြေလည်စေ နိုင်မည်ဖြစ်သည်။

Shwe Taung Group ၏ အမှုဆောင်အရာရှိချုပ်ဖြစ်သူ ဦးအောင်ဇော်နိုင်က "ရွှေတောင်ကုမ္ပဏီအနေနဲ့ ဒီလိုမျိုး အထင်ကရ ပြယုဂ်သဖွယ်ဖြစ်တဲ့ စီမံကိန်းကြီးကို ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီ၊ ကျွန်တော်တို့ရဲ့ နာမည်ကောင်းရရှိထားသော နိုင်ငံတကာ မိတ်ဖက်အဖွဲ့အစည်းတွေနဲ့ ပူးပေါင်းဆောင်ရွက် အကောင်အထည် ဖော်ခွင့်ရတဲ့အတွက် ဂုဏ်ယူမိပါတယ်။ ကျွန်တော်တို့ဟာ ရန်ကုန်မြို့က နေထိုင်သူတွေ၊ ငှားရမ်းလုပ်ကိုင်သူတွေနဲ့ ကမ္ဘာလှည့်ခရီးသွားတွေအတွက် ဖွံ့ဖြိုးရေးအသွင်သဏ္ဌာန် ပေါင်းစုံ ပေါင်းစည်းပါဝင်တဲ့ ကမ္ဘာ့အဆင့်မီ တည်ဆောက်ရေးစီမံကိန်းတစ်ခုကို ဆောင်ကြဉ်းပေးနိုင်ဖို့ ရည်မှန်းထားပါတယ်။ ဒီစီမံကိန်းက ဆောက်လုပ်ရေးကာလအတွင်းမှာ လူဦးရေ ၈၀၀၀ လောက်နဲ့ လုပ်ငန်းလည်ပတ်တဲ့ အချိန်မှာ လူဦးရေ ၄၀၀၀ လောက်ကို အလုပ်အကိုင် အခွင့်အလမ်းတွေ ဖန်တီးပေးနိုင်မယ်လို့ မျှော်လင့်ထားပါတယ်" ဟု ပြောကြားခဲ့ပါသည်။

"ရွှေတောင်ကုမ္ပဏီဟာ စီးပွားရေးလုပ်ငန်းနဲ့ လူမှုဝန်းကျင်အား တာဝန်ရှိမှုကို အမြဲခံယူ ကျင့်သုံး လျက်ရှိဖြစ်ပြီး ယင်းရဲ့ အစိတ်အပိုင်းအဖြစ် Junction City တည်ဆောက်ရာမှာ ရေရှည်တည်တံ့စေတဲ့ ဖွံ့ဖြိုးရေးနည်းလမ်းကို ထည့်သွင်းကျင့်သုံးမှာ ဖြစ်ပါတယ်။ Junction City ကို တည်ဆောက်ရာမှာ ပတ်ဝန်းကျင်ကို အထောက်အကူပြုတဲ့ Green Feature တွေကို အသုံးပြုမယ့်အပြင် အနီးပတ်ဝန်းကျင် ပိုမိုတိုးတက် ကောင်းမွန်လာစေရေးအတွက် Junction City ရဲ့ ပတ်ဝန်းကျင်အား ပိုမိုကောင်းမွန် အဆင်ပြေစေရန် အဆင့်မြင့်တင် ဆောင်ရွက်သွားမှာ ဖြစ်ပါတယ်။ Junction City တည်ဆောက်

ပြီးစီးသွားတဲ့အခါ ရန်ကုန်မြို့ရဲ့ လူစည်ကားလှတဲ့မြို့လယ်နေရာမှာ ဈေးဝယ်ခြင်း၊ ဟိုတယ်မှာ တည်းခိုခြင်း၊ ရုံးခန်းဖွင့်လှစ်ဆောင်ရွက်ခြင်း၊ ဇိမ်ခံလူနေအိမ်တွေနဲ့ နေထိုင်ခြင်းတွေမှာ နိုင်ငံတကာ စံနှုန်းအသစ်တွေကို ဖြစ်ပေါ်ရရှိစေပါလိမ့်မယ်" ဟု ၎င်းက ဆက်လက်ပြောဆိုပါသည်။

Keppel Land ၏ Regional Investments ဆိုင်ရာ ဥက္ကဋ္ဌဖြစ်သူ Mr Ng Ooi Hooi က "Keppel Land ရဲ့ မြန်မာနိုင်ငံလို ကောင်းမွန်တဲ့ ကြီးပွားတိုးတက်မှု အလားအလာရှိသည့် ဈေးကွက်စီးပွားရေးမှာ ရင်းနှီးမြှုပ်နှံခြင်း နည်းစနစ်ဗျူဟာများနဲ့အညီ Junction City တာဝါ တည်ဆောက်ရေးမှာ Shwe Taung Group နဲ့အတူ ပူးပေါင်းဆောင်ရွက်သွားမှာ ဖြစ်ပြီးတော့ ကုမ္ပဏီရဲ့ စီးပွားရေးရင်းနှီးမြှုပ်နှံမှုလုပ်ငန်းများကို တိုးချဲ့သွားမှာဖြစ်ပါတယ်။ ဗျူဟာမြောက်လှတဲ့အချက်အချာကျလှတဲ့ နေရာမှာရှိတဲ့ Junction City ရဲ့ ရုံးခန်းသစ်ဟာ ရန်ကုန်မှာရှိတဲ့ နိုင်ငံတကာ ကုမ္ပဏီတွေ လိုအပ်တဲ့ အရည်အသွေးမြင့် ရုံးခန်းနေရာမျိုးအတွက် ဝယ်လိုအားကိုဖြည့်ဆည်းနိုင်မှာ ဖြစ်ပါတယ်။ ရန်ကုန်မြို့မှာ အဲဒီလို အဆင့်မြင့် ရုံးခန်းတွေဟာ အခုလက်ရှိအနေအထားမှာ အရေအတွက်အကန့်အသတ် ရှိနေပါသေးတယ်။" ဟုပြောကြားခဲ့ပါသည်။

"ရန်ကုန်ရဲ့ နွေးထွေးပျူငှာလှတဲ့ မြင်ကွင်းပုံရိပ်များတွင် နောက်ဆုံးပေါ်အသစ်ဆန်းဆုံး အသွင်သဏ္ဍာန်ဖြင့် ထပ်တိုးပါဝင်လာမည့် Pan Pacific Yangon ကို စတင် ဖွင့်လှစ်ရတော့မှာ ဖြစ်တဲ့အတွက် ကျွန်တော်တို့ အထူးပင် စိတ်အားထက်သန်နေပါတယ်။ ကနဦးတည်ဆောက်ခြင်းအဆင့်ကို ကြိုဆိုခြင်းဖြင့် ဈေးကွက်ကြီးပွားတိုးတက်မှုမှသည် Pan Pacific Hotels Group အတွက် ယခုလိုအချိန်အခါဟာ မြန်မာနိုင်ငံတွင် ကျွန်တော်တို့ရဲ့ ယုံကြည်မှု နဲ့ ကျွန်တော်တို့ရဲ့ ကတိကဝတ်တို့ကို သက်သေပြသည့် အခွင့်အခါကောင်းဖြစ်ပါတယ်။ ဒါ့အပြင် ကျွန်တော်တို့လုပ်ငန်း ဆောင်ရွက်လျက်ရှိတဲ့ ဆုတံဆိပ်ရှင် PARKROYAL Yangon နဲ့ PARKROYAL Nay Pyi Taw တို့မှလည်း ဖွံ့ဖြိုးတိုးတက်လာတဲ့ မြန်မာနိုင်ငံရဲ့ခရီးသွားလုပ်ငန်းမှာ ပါဝင်ဆောင်ရွက်သွားမှာဖြစ်ပါတယ် " ဟု Pan Pacific Hotel Group ၏ အလုပ်အမှုဆောင်အရာရှိချုပ် Mr Bernold Schroeder ကပြောသည်။

-ပြီး-

**Shwe Taung Group အကြောင်း**

၁၉၉၀ ပြည့်လွန်နှစ်များတွင် တည်ထောင်ခဲ့သည့် Shwe Taung Group ၏ လုပ်ငန်းခွဲများသည် အိမ်ခြံမြေလုပ်ငန်း၊ ပိုင်ဆိုင်မှု စီမံခန့်ခွဲခြင်း၊ ဆောက်လုပ်ရေးနှင့် ဆောက်လုပ်ရေးလုပ်ငန်းသုံး ပစ္စည်းများ၊ စွမ်းအင်နှင့် အခြေခံအဆောက်အအုံ၊ ကုန်သန်းရောင်းဝယ်ခြင်းနှင့် အာမခံလုပ်ငန်းတို့ အပါအဝင် လုပ်ငန်းနယ်ပယ်မျိုးစုံတွင် ဖြန့်ကျက်တည်ရှိနေသည်။ ယင်းသည် မြန်မာနိုင်ငံတွင် BMW မော်တော်ယာဉ်များကို ဖြန့်ဖြူးရောင်းချခွင့် ရရှိထားသူလည်းဖြစ်သည်။ Shwe Taung Group သည် မြန်မာနိုင်ငံတွင် အရည်အသွေးပြည့်ဝသည့် အိမ်ခြံမြေ စီမံကိန်းများကို အောင်မြင်စွာ အကောင်အထည်ဖော်နိုင်ခဲ့သည့်

မှတ်တမ်းကောင်းများကိုလည်း ရရှိထားသည်။ Shwe Taung Group သည် စုစုပေါင်း မြေဧက ၈၀၀ ကျော် အကျယ်အဝန်းတွင် စီမံကိန်းပေါင်း ၅၀ ကျော်ကို တည်ဆောက် အကောင်အထည်ဖော်ခဲ့ပြီး ယင်းတို့အနက် ထင်ရှားသည့် စီမံကိန်းများမှာ Crystal Tower ၊ Crystal Residences ၊ Junction Square ၊ Union Business Centre ၊ Union Financial Centre နှင့် ရန်ကုန်မြို့တွင် မကြာမီ ပေါ်ထွက်လာတော့မည့် Junction City တို့ ဖြစ်ကြသည်။ Shwe Taung Group ၏ လက်ရှိ ဝန်ထမ်းအင်အားမှာ ၆၀၀၀ ကျော် ရှိသည်။ Shwe Taung Group သည် ၂၀၁၃ ခုနှစ်မှစ၍ United Nations Global Compact တွင် အဖွဲ့ဝင်တစ်ဦးအဖြစ် ပါဝင်လျက်ရှိပြီး၊ ၎င်းတို့သည် မြန်မာနိုင်ငံတွင် စီးပွားရေးလုပ်ငန်းများ၏ လူမှုရေးအရ တာဝန်သိမှုဆိုင်ရာအစီအစဉ် အများအပြားကို ဆောင်ရွက်ပေးခြင်းဖြင့် လူ့အဖွဲ့အစည်းနှင့် သဘာဝ ပတ်ဝန်းကျင်အတွက် အထောက်အကူပြုကြောင်း အခိုင်အမာယုံကြည်လျက် ဆောက်ရွက်လုပ်ကိုင်လျက် ရှိသည်။

**Keppel Land အကြောင်း**

Keppel Land သည် ဆုရရှိထားသော လူနေအိမ်ဖော်ဆောင်ရေးဆိုင်ရာစီမံကိန်းအမျိုးမျိုး၊ ရင်းနှီးမြှုပ်နှံမှု မြင့်မားသော အဆောက်အဦးတည်ဆောက်လုပ်ရေးလုပ်ငန်းများ (investment-grade commercial properties) နှင့် စံချိန်စံညွှန်းမြင့်မားသည့် အဖွဲ့အစည်း စီမံခန့်ခွဲခြင်း နှင့် ပွင့်လင်းမြင်သာမှုရှိခြင်း တို့ဖြင့်ထင်ရှားသည့် အာရှ၏ ထိပ်တန်း ဆောက်လုပ်ရေးကုမ္ပဏီများထဲမှ တစ်ခုဖြစ်သည်။

ကုမ္ပဏီအနေဖြင့် အာရှနိုင်ငံတွင်တည်ရှိပုံ မှာ နိုင်ငံအလိုက် မတူကွဲပြားသည်။ စင်ကာပူ နှင့် တရုတ် နိုင်ငံသည် အဓိက ဈေးကွက်ဖြစ်ပြီး အင်ဒိုနီးရှား နှင့် ဗီယက်နမ် နိုင်ငံသည် ၎င်း၏ တိုးတက်ဖွံ့ဖြိုး နေသည့် ဈေးကွက်များဖြစ်သည်။ ကုမ္ပဏီသည် ရောင်းချရန်အတွက် အိမ်ခြံမြေ တည်ဆောက်ရေးလုပ်ငန်း နှင့် အိမ်ခြံမြေဆိုင်ရာ ငွေကြေး စီမံခန့်ခွဲခြင်း စသည့် နှစ်လမ်းသွား ဗျူဟာပေါ်တွင် အဓိကဗဟိုပြုထားသည်။

စင်ကာပူတွင် ထိပ်တန်းဦးဆောင် ရုံးခန်းများတည်ဆောက်သူဖြစ်သည့် Keppel Land သည် Marina Bay Financial Centre ၊ Ocean Financial Centre နှင့် One Raffles Quay စသည့် အထင်ကရ တည်ဆောက်ရေး စီမံကိန်းများတွင် ပါဝင်နေသည်။

ကုမ္ပဏီသည် အာရှနိုင်ငံများရှိ အဓိက မြို့တော်များတွင် ၎င်းတို့၏ဝန်ဆောင်မှုကို တိုးချဲ့နိုင်ရန် ကတိကဝတ်ထားရှိသည်။ ရှန်ဟိုင်းမြို့ရှိ Park Avenue Central နှင့် Life Hub @ Jinqiao ၊ ဘေကျင်းမြို့တွင် ပထမတန်းစား ရုံးခန်းတည်ဆောက်အကောင်ထည်ဖော်ခြင်း နှင့် တရုတ်နိုင်ငံ Sino-Singapore Tianjin Eco-City ရှိ Seasons City၊ ဗီယက်နမ် ၊ဟိုချီမင်မြို့တော်ရှိ Saigon Centre ၊ အင်ဒိုနီးရှားနိုင်ငံ ဂျာကာတာ ရှိ International Financial Centre နှင့် မြန်မာနိုင်ငံ ရန်ကုန်မြို့ရှိ Junction City Tower စသည့် နိုင်ငံရပ်ခြားတွင် ဝန်ဆောင်မှုများပေးနေပါသည်။

Keppel Land သည် နှစ်ပေါင်း ၂၀ကျော် မြန်မာနိုင်ငံတွင်ကာလရှည်ကြာ တည်ရှိမှုနှင့်အတူ ရန်ကုန်နှင့် မန္တလေး မှ Sedona အောက်တွင်ရှိသည့် ၎င်း ၏ deluxe ဟိုတယ်ဖြင့် လူအများရွေးချယ်သောတည်းခိုစရာ ဖန်တီးသူ အဖြစ်ရပ်တည်ခဲ့သည်။

ဖိလစ်ပိုင်၊ မနီလာမြို့ရှိ SM-KL အကောင်အထည်ဖော်တည်ဆောက်ရေး ၏ Phase 2 ကို စတင် နေပြီဖြစ်သည်။ အာရှနိုင်ငံများအပြင် UK လန်ဒန်မြို့တို့တွင် ရုံးအဆောက်အဦတစ်ခု ရရှိထားပြီဖြစ်သည်။ Keppel Land ၏ လက်လီကဏ္ဍ လုပ်ဆောင်နိုင်မှုများကို မြှင့်တင်ရန် လက်လီဆိုင်ရာ စီမံခန့်ခွဲသည့် ကုမ္ပဏီ ဖြစ်သည့် Array Real Estate ၏ ၇၅% ရှယ်ယာကို ရရှိထားပြီဖြစ်သည်။

Keppel Land သည် စင်ကာပူရှိ Keppel Bay နှင့် Marina Bay တို့၏ ကမ္ဘာ့အဆင့်မီ ပြယုဒ် ဖြစ်သည့် ရေပြင်မျက်နှာစာ လူနေအဆောက်အဦးတို့ကြောင့် အာရှ၏ထိပ်တန်း အိမ်တည်ဆောက်အကောင် ထည်ဖော်သူ ဖြစ်လာသည်။ အမေရိကန်နိုင်ငံ၊ နယူးယောက်ရှိ မန်ဟက်တန်မှ လူနေအိမ် အကောင် ထည်ဖော် တည်ဆောက်ရေး စီမံကိန်းတစ်ခုကိုလည်း အဆိုပါအဖွဲ့အနေဖြင့် ဝန်ဆောင်မှုပေးလျက်ရှိသည်။

စင်ကာပူနိုင်ငံရှိ အိမ် ၇၀,၀၀၀ ကျော်၏ ပိုက်လိုင်းသွယ်ခြင်း သာမက Keppel Land သည် ဒေသအတွင်း တည်ရှိမှု တိုးတက်နေကာ အရည်သွေးမြင့် လူနေအိမ်များ၊ ရုံးနှင့် ရောနှော အသုံးပြုနိုင်သည့် တည်ဆောက် ရေးစီမံကိန်းများ ဖော်ဆောင်လိုမှု ကြီးထွားလာမှုတို့ကို အကောင်ထည်ဖော်ရန် ကောင်းမွန်သည့် အခြေအနေတွင် တည်ရှိနေပါသည်။

အိမ်ခြံမြေဆိုင်ရာ ငွေကြေး စီမံခန့်ခွဲသူအဖြစ်သည့် Keppel Land တွင် အာရှသားများနှင့်သက်ဆိုင်သော အိမ်ခြံမြေ ရင်းနှီးမြှပ်နှံမှု ယုံကြည်ရာ Keppel REIT နှင့် Alpha Investment Partners ဟူ၍ အိမ်ခြံမြေ ဆိုင်ရာ ငွေကြေး စီမံခန့်ခွဲရေးကဏ္ဍတွင်မောင်းနှင် နေသည်။

**Pan Pacific Hotels Group အကြောင်း**

Pan Pacific Hotels Group ကို စင်ကာပူနိုင်ငံ၏ စတော့ စာရင်းဝင် ကုမ္ပဏီဖြစ်သည့် UOL Group Limited မှ ပိုင်ဆိုင်ပြီး ရင်းနှီးမြှပ်နှံမှုနှင့် အိမ်ခြံမြေတည်ဆောက်ရေးလုပ်ငန်းများတွင် အောင်မြင်မှု မှတ်တမ်းများဖြင့် အာရှရှိ အထင်ကရ ဟိုတယ် နှင့် ဆောက်လုပ်ရေးလုပ်ငန်း ကုမ္ပဏီများ ထဲမှ တစ်ခုဖြစ်ပါသည်။ စင်ကာပူအခြေစိုက် Pan Pacific Hotels Group မှ ဟိုတယ် ၃၀ကျော်၊ အပန်းဖြေစခန်းများ၊ အခန်းပေါင်း ၁၀၀၀၀ ပါဝင်သည့် ဝန်ဆောင်မှု အဆောက်အဦများ အပါအဝင် အာရှ၊ Oceania၊ North America နှင့် Europe တို့တွင် တည်ဆောက်လျက်ရှိသည့်အဆောက်အဦများ ကို ပိုင်ဆိုင်ပါသည်။ ၎င်းလုပ်ငန်းစုတွင် ဂုဏ်သတင်း "Pan Pacific" နှင့် PARKROYAL စသည်အမှတ်တံဆိပ် တို့ ပါဝင်ပါသည်။ "Pan Pacific" သည် အာရှ နှင့် the Pacific Rim တို့တွင် ပထမတန်းစား နေအိမ်တိုက်ခန်းများ နှင့် ဝန်ဆောင်မှုများ ပါဝင်သည့် ဟိုတယ်များဖြင့် ဦးဆောင်နေသည့်

အမှတ်တံဆိပ်ဖြစ်ပါသည်။ PARKROYAL သည် သက်တောင့်သက်သာရှိသည့် အပန်းဖြေစရာ နှင့် စီးပွားရေး ဟိုတယ်များ နှင့် အပန်းဖြေစခန်းများ ဖြင့် Asia Pacific တစ်လွှားရှိ မြို့များ၏ အချက်အချာကျပြီး အထင်ကရနေရာ များတွင် တည်ရှိပါသည်။ ပိုမိုသိရှိလိုသော အချက်အလက်များ အတွက် pphg.com တွင် ဝင်ရောက်ကြည့်ရှုနိုင်ပါသည်။

## New Asia Investments အကြောင်း

New Asia Investments (J City) Pte. Ltd. (NAI) သည် စင်ကာပူနိုင်ငံတွင် ဖွဲ့စည်းတည်ထောင်ထားသည့် အထူးပြု လုပ်ဆောင်သော ရင်းနှီးမြှုပ်နှံမှုအဖွဲ့ဖြစ်သည်။ စင်ကာပူနိုင်ငံရှိ Vogue Capital Group က ဦးဆောင်ပြီး မြန်မာနိုင်ငံရှိ Asian Acre Advisors က အကြံပေးအဖြစ်ဆောင်ရွက်သည့် NAI အဖွဲ့သည် ထူးခြားထင်ရှားသည့် အရည်အသွေးရှိ အိမ်ခြံမြေ စီမံကိန်းများတွင် စဉ်းစားရွေးချယ် ရင်းနှီးမြှုပ်နှံသူဖြစ်ပြီး မြန်မာနိုင်ငံရှိ တာဝန်သိစိတ်ရှိသော တည်ဆောက်ရေးလုပ်ငန်းများကို ကူညီရန်၊ ပူးပေါင်းဆောင်ရွက်ရန်နှင့် အတူတကွ ဖွံ့ဖြိုးစေရန် ဈေးကစားခြင်းမပြုဘဲ စီးပွားရေးတိုးတက်စေသည့် နည်းလမ်းကို လက်ခံကျင့်သုံးသည်။ ယင်း၏ မဟာဗျူဟာမြောက် ပူးပေါင်းဆောင်ရွက်ရန် အဆိုပြုခြင်းများကို ယုံကြည်မှု၊ အဓိပ္ပာယ်ပြည့်ဝသည့် လုပ်ငန်းဆိုင်ရာ မဟာမိတ်ပြုခြင်းနှင့် ကောင်းမွန်သည့် စီမံအုပ်ချုပ်မှုတို့ပေါ်တွင် အခြေခံ တည်ဆောက်ခြင်းဖြစ်သည်။ NAI သည် မြန်မာနိုင်ငံ၏ စီးပွားရေးကို အထောက်အကူပြုမည့်၊ ပြည်သူများအတွက် တည်ငြိမ်သည့် အလုပ်အကိုင်များကို ပေးစွမ်းနိုင်မည့်၊ ကွဲပြားခြားနားသည့် လုပ်ငန်းဆိုင်ရာ ယဉ်ကျေးမှုများနှင့် အတွေ့အကြုံများအကြား အသိပညာ ဖလှယ်မှုကို လွယ်ကူချောမွေ့စေမည့် အိမ်ခြံမြေလုပ်ငန်းနယ်ပယ်မှ အစစ်အမှန် အခွင့်အလမ်းများကို ဆက်လက်ရှာဖွေသွားမည်ဖြစ်သည်။

**မီဒီယာများ ဆက်သွယ်ရန် TODAY Ogilvy Public Relations:**

Joshua Doi Aung
M: 09 421012974
E: joshua.doiaung@todayogilvy.com

Victoria Cook
M: 09 2636 813 18
E: victoria.cook@ogilvy.com